ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ရခိုင်ပြည်နယ်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် လူထုအား ပြန်လည်လက်ခံခြင်းနှင့် ပြန်လည်နေရာချထားခြင်းများ၌ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း စီမံချက်

Version (2.0)

(၁-၂-၂၀၁၈)

# မာတိကာ


| | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | ရည်ရွယ်ချက် | ၁ |
| ၃။ | ရွှေ့ပြောင်းလူထု ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး အစီအစဉ်များ | ၂ |
| ၄။ | ကျန်းမာရေးစောင့်ရှောက်မှုပေးရန် စီစဉ်ထားရှိမှု လက်ရှိအခြေအနေ | ၃ |
| ၅။ | ကြိုတင်ပြင်ဆင် ဆောင်ရွက်သွားမည့် လုပ်ငန်းများ | ၅ |
| ၆။ | ပြန်လည်လက်ခံခြင်းနှင့် ပြန်လည်နေရာချထားခြင်းများ၌ ကျန်းမာရေးစောင့်ရှောက်မှုပေးမည့် အစီအစဉ်များ | ၈ |
| ၇။ | ကျန်းမာရေးစောင့်ရှောက်မှု ဆေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း | ၁၁ |
| ၈။ | သင်တန်းပေးခြင်း | ၁၁ |
| ၉။ | ဆေးနှင့်ဆေးပစ္စည်း ထောက်ပံ့ခြင်း | ၁၁ |
| ၁၀။ | လုပ်ငန်းဆောင်ရွက်မှုတင်ပြအစီရင်ခံခြင်း | ၁၂ |
| ၁၁။ | ကွင်းဆင်းပံ့ပိုးကြီးကြပ်ခြင်း | ၁၂ |
| ၁၂။ | လုပ်ငန်းဆောင်ရွက်မှုအား အမြဲမပြတ်စောင့်ကြည့်ခြင်း | ၁၂ |
| ၁၃။ | ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း | ၁၂ |
| ၁၄။ | ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ဘဏ္ဍာငွေ စီမံခန့်ခွဲခြင်း | ၁၃ |
| ၁၅။ | နိဂုံး | ၁၄ |
| | နောက်ဆက်တွဲ | ၁၅ |
| | (က) ရခိုင်ပြည်နယ်ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအဖွဲ့ | |
| | (ခ) ပြန်လည်လက်ခံရေးစခန်းများ (တောင်ပြိုလက်ဝဲ၊ ငါးခူရ)နှင့် လှဖိုးခေါင်ကြားစခန်း များ၌ဖွဲ့စည်းထားရှိသည့် ဆေးအဖွဲ့များ | |
| | (ဂ) ဆေးကုသမှု အပတ်စဉ် သတင်းပေးပို့ ပုံစံ | |

## ၁။ နိဒါန်း

ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း (၂၀၁၇) ခုနှစ်၊ ဩဂုတ်လ (၂၅) ရက်၌ စတင်ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ကျေးရွာများ မီးရှို့ပျက်စီးမှုများ၊ လူအများအပြားရွှေ့ပြောင်းခဲ့မှုများ ဖြစ်ပွား ခဲ့ရပြီး ယာယီကယ်ဆယ်ရေးစခန်းများတွင် ခိုလှုံနေရခြင်း၊ တစ်ဖက်နိုင်ငံသို့ လူအများအပြား ရွှေ့ပြောင်းသွားခဲ့ခြင်း စသည်တို့ ဖြစ်ပွားခဲ့ရပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အနေဖြင့်လည်း ရခိုင်ပြည်နယ် မောင်တောဒေသ မြို့နယ်များ အတွင်းရှိ ကယ်ဆယ်ရေးစခန်းများ၊ ရပ်ကွက်/ ကျေးရွာများအတွင်းရှိ လူအဖွဲ့အစည်းများ အားလုံးကို ရွေ့လျား ဆေးအဖွဲ့များဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အရေးပေါ်လူနာလွှဲပြောင်းပေးခြင်း၊ ဆေးရုံတက်ရောက် ကုသရန်လိုသော လူနာများအားလုံးအား အတွင်းလူနာအဖြစ် ဆေးကုသပေးခြင်းများအား ဆောင်ရွက်ပေးလျက် ရှိပါသည်။

ထို့အပြင် တစ်ဖက်နိုင်ငံသို့ ရွှေ့ပြောင်းသွားသည့် လူထုအနေဖြင့် ရခိုင်ပြည်နယ်အတွင်းသို့ ပြန်လည် ဝင်ရောက်လာပါက ပြန်လည်လက်ခံရေးစခန်းများ၊ ကြားစခန်းများနှင့် ပြန်လည်နေရာချထားသည့် နေရာဒေသများ ၌ ကျန်းမာရေးစောင့်ရှောက်မှု ပေးသွားနိုင်ရေးအတွက် ဤစီမံချက်အား ရေးဆွဲရခြင်း ဖြစ်ပါသည်။

## ၂။ ရည်ရွယ်ချက်

- ရခိုင်ပြည်နယ်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် လူထုအား ပြန်လည်လက်ခံခြင်းနှင့် ပြန်လည် နေရာချထားခြင်းများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်စေရန်

ဤစီမံချက်သည် လက်ရှိ အခြေအနေပေါ်တွင် မူတည်၍ ရေးဆွဲထားခြင်းသာ ဖြစ်ပါသည်။ တစ်ဖက်နိုင်ငံသို့ ရွှေ့ပြောင်းသွားသည့်လူထု ရခိုင်ပြည်နယ်အတွင်းသို့ ပြန်လည်ဝင်ရောက် လာသည့် အခြေအနေ၊ ပြန်လည်လက်ခံရေးစခန်းများနှင့် ပြန်လည်နေရာချထားခြင်းများ ဆောင်ရွက်မည့် အခြေအနေ စသည်တို့၌ အပြောင်းအလဲများ ရှိလာခဲ့ပါက ဤစီမံချက်ပါ လုပ်ငန်းများအား လိုက်လျော ညီထွေစွာ ပြုပြင်၍ ပြန်လည် ရေးဆွဲဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ၃။ ရွှေ့ပြောင်းလုပ်သားများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး အစီအစဉ်များ

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရွှေ့ပြောင်းသွားသည့် လူထုအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာပါက ပြန်လည်လက်ခံနိုင်ရန်အတွက် ကုန်းလမ်းဖြင့် ဝင်ရောက်လာသူများအတွက် မောင်တောမြို့နယ် တောင်ပြိုလက်ဝဲ မြို့နှင့် ရေလမ်းဖြင့် ဝင်ရောက်လာသူများအတွက် ငါးခူရ ကျေးရွာများအား ရွေးချယ်ထားရှိပါသည်။

အကယ်၍ ပြန်လည်ဝင်ရောက်လာပါက တစ်ပတ်လျှင် (၅) ကြိမ်စီ လက်ခံပေးသွားမည် ဖြစ်ပြီး၊ တစ်ကြိမ်လက်ခံလျှင် စခန်းတစ်ခု၌ (၁၅၀) ဦးခန့်နှင့် စုစုပေါင်း လူဦးရေ (၃၀၀)ဦးခန့် အထိ လက်ခံပေးနိုင်မည်ဟု ခန့်မှန်း ထားရှိပါသည်။

ပြန်လည်လက်ခံပါက လူဝင်မှုဆိုင်ရာလုပ်ငန်းများ (National Verification Card ထုတ်ပေးခြင်း၊ Biometric မှတ်တမ်းပြုလုပ်ခြင်း စသည်) နှင့် အခြားလိုအပ်သည်များအား သက်ဆိုင်ရာဌာနများမှ ဆောင်ရွက် ပေးသွားမည်ဖြစ်ပြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အနေဖြင့်လည်း ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများအား သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းလမ်းညွှန် ရေးဆွဲကာ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

တောင်ပြိုလက်ဝဲနှင့် ငါးခူရ ပြန်လည်လက်ခံရေးစခန်းများ၌ လက်ခံထားသော လူထုအား တစ်ညတာ နေထိုင်ရန် စီစဉ်ပေးမည်ဖြစ်ပြီး၊ နေထိုင်ရေးနှင့် စားသောက်ရေးများ စီစဉ်ပေးထားမည်ဖြစ်ပါသည်။ ထို့နောက် နောက်တစ်နေ့နံနက်တွင် အဆိုပါ လှဖိုးခေါင်ကြားစခန်းသို့ ပို့ဆောင်ပေးသွားမည်ဖြစ်ပြီး၊ ပြန်လည်နေရာချထား သော ဒေသများသို့ မရောက်ရှိသေးမီအချိန်ကာလများတွင် လှဖိုးခေါင်ကြားစခန်း၌ ယာယီနေထိုင်မည် ဖြစ်ပါသည်။

သို့ဖြစ်ရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ပြန်လည်ဝင်ရောက်လာသည့် လူထု ပြန်လည် နေရာချထားသော ဒေသများသို့ မရောက်ရှိသေးမီအချိန်ကာလများတွင် မောင်တောမြို့နယ် တောင်ပြိုလက်ဝဲမြို့၊ ငါးခူရကျေးရွာ၊ လှဖိုးခေါင်ကြားစခန်းများနှင့် မောင်တောဆေးရုံတို့၌ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး စီစဉ်ဆောင်ရွက် ပေးသွားရမည် ဖြစ်ပါသည်။

| ၄။ | ကျန်းမာရေးစောင့်ရှောက်မှုပေးရန် စီစဉ်ထားရှိမှု လက်ရှိအခြေအနေ |
|---|---|

## (က) တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်း

- တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရန် ဆေးပေးခန်းတစ်ခုဖွင့်လှစ်ထားရှိပြီး တာဝန်ထမ်းဆောင်ရန် အဖွဲ့ဝင် (၁၁) ဦးပါဝင်သော ဆေးအဖွဲ့အား ဖွဲ့စည်းထားရှိပြီး ဖြစ်ပါသည်။ (ပူးတွဲ)
- တောင်ပြိုဆေးရုံ ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းအား ဆောင်ရွက်လျက် ရှိပါသည်။
- တောင်ပြိုလက်ဝဲဆေးရုံအတွက် လူနာကုတင်များ၊ စားပွဲငယ်များ၊ Drip Stand များ၊ Type (C) ဓါတ်ခွဲခန်းအတွက် လိုအပ်သော ဓါတ်ခွဲခန်းသုံးပစ္စည်းများ ဖြည့်ဆည်းပေးထားပြီး ဖြစ်ပါသည်။
- ဓါတ်မှန်ရိုက်စက် ပေးပို့ထားပြီးဖြစ်ကာ တပ်ဆင်ရန် စီစဉ်လျက်ရှိပါသည်။ ဓါတ်မှန်ခန်းသုံး ပစ္စည်းများ ထောက်ပံ့ပေးထားပြီးဖြစ်ကာ၊ ဓါတ်မှန်ရိုက်ရန်အတွက် လိုအပ်သော 10 KVA မီးစက်တစ်လုံးလည်း ထောက်ပံ့ တပ်ဆင်ထားရှိပြီး ဖြစ်ပါသည်။
- ထို့အပြင် ဆေးရုံလုပ်ငန်းများအတွက် လိုအပ်သော 25 KVA မီးစက်တစ်လုံး ထောက်ပံ့ပေးပို့ ထားပြီး ဖြစ်ကာ တပ်ဆင်ရန် စီစဉ်လျက် ရှိပါသည်။
- ကာကွယ်ဆေးထားသိုရန် Solar Cold Chain စနစ် တပ်ဆင်ထားရှိပြီး ဖြစ်ပြီး ထိုးနှံတိုက်ကျွေးမည့် ကာကွယ်ဆေးများ အလုံအလောက် ထောက်ပံ့ထားပြီး ဖြစ်ပါသည်။
- ဆရာဝန်နေအိမ်သစ်တစ်ခုနှင့် ဝန်ထမ်းအိမ်ရာ (လေးခန်းတွဲ တစ်ထပ်) ဆောက်လုပ်လျက်ရှိပါသည်။
- ခြံစည်းရိုး (ဘားဝါယာကြိုး) ကာရံခြင်း ဆောင်ရွက်နေပြီ ဖြစ်ပါသည်။

## (ခ) ငါးခူရ ပြန်လည်လက်ခံရေးစခန်း

- ငါးခူရ ပြန်လည်လက်ခံရေးစခန်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရန် ဆေးပေးခန်း တစ်ခုဖွင့်လှစ်ထားရှိပြီး တာဝန်ထမ်းဆောင်ရန် အဖွဲ့ဝင် (၁၁) ဦးပါဝင်သော ဆေးအဖွဲ့အား ဖွဲ့စည်းထားရှိပြီး ဖြစ်ပါသည်။ (ပူးတွဲ)
- ငါးခူရ၌ ကျေးလက်ကျန်းမာရေးဌာနရှိသော်လည်း လုံခြုံရေးအရ အခြေပြုနေထိုင်၍ ကျန်းမာရေးစောင့်ရှောက်မှု ပေးရန် မသင့်တော်သေးပါ။
- ငါးခူရရှိ ကျေးလက်ကျန်းမာရေးဌာနနှင့် ဝန်ထမ်းအိမ်ရာများမှာ ဟောင်းနွမ်းပျက်စီးမှုများ ရှိနေပြီး၊ ပြင်ဆင် မွမ်းမံခြင်းနှင့် ခြံစည်းရိုး ကာရံခြင်းများ ဆောင်ရွက်ရန် လိုအပ်နေပါသည်။
- ဝန်ထမ်းအိမ်ရာ လုံလောက်မှု မရှိပါ။

## (ဂ) လှဖိုးခေါင်ကြားစခန်း

- လှဖိုးခေါင်ကြားစခန်း၌ တာဝန်ထမ်းဆောင်ရန် အဖွဲ့ဝင် (၁၃) ဦးပါဝင်သော ဆေးအဖွဲ့အား ဖွဲ့စည်းထားရှိပြီး ဖြစ်ပါသည်။ (ပူးတွဲ)
- လှဖိုးခေါင်ကြားစခန်းသည် မောင်တောမြို့နှင့် (၆) မိုင်ခန့် ကွာဝေးပြီး မော်တော်ကားဖြင့် သွားလာပါက မိနစ် (၃၀) ခန့်သာ ကွာဝေးပါသည်။
- လှဖိုးခေါင်ကြားစခန်းနှင့် (၅) ဖာလုံခန့်သာ ကွာဝေးသောနေရာ၌ မင်္ဂလာကြီး ကျေးလက်ကျန်းမာရေးဌာနခွဲ (သရက်အုပ် ကျေးလက်ကျန်းမာရေးဌာနအပိုင်) တည်ရှိပါသည်။ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦမှာ အသစ်တည်ဆောက်ထားပြီးဖြစ်ပြီး၊ ခြံစည်းရိုးမှာ ရိုးရိုးသံဆူးကြိုး ခြံစည်းရိုးဖြစ်ကာ ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန် မြေနေရာရှိပြီး ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ထားခြင်း မရှိသေးပါ ။
- မင်္ဂလာကြီး SC အနီး (၃) ဖာလုံခန့်အကွာတွင် အမှတ် (၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်း (ပြင်ဖြူ) ရှိပါသည်။

## (ဃ) မောင်တောဆေးရုံ

- မောင်တောမြို့၌ ကုတင် (၅၀) ဆံ့ ခရိုင်ဆေးရုံ၌ တိုင်းရင်းသားလူမျိုးများ၊ ဘင်္ဂါလီလူနာများအပါအဝင် လူ့အသိုင်းအဝန်းအားလုံးအား ခွဲခြားမှုမရှိဘဲ ပြင်ပလူနာနှင့် အတွင်းလူနာများအဖြစ် လက်ခံဆေးကုသပေးလျက်ရှိပါသည်။
- လူနာတင်ယာဉ် (၅) စီးရှိပါသည်။ သို့ရာတွင် အောက်ပိုင်းမြင့်သော SUV အမျိုးအစား မော်တော်ယာဉ်များမဟုတ်၍ လမ်းကြမ်းသော ကျေးရွာများသို့ သွားလာနိုင်ခြင်း မရှိပါ။

## ၅။ ကြိုတင်ပြင်ဆင် ဆောင်ရွက်သွားရမည့် လုပ်ငန်းများ

### (က) တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်း

- တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်းရှိ ဆေးပေးခန်းကို တောင်ပြိုဆေးရုံနှင့် တောင်ပြို တိုက်နယ်ကျန်းမာရေးဌာနများမှ အားဖြည့်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။
- ထောက်ပံ့ပေးပို့ထားပြီးဖြစ်သော ဓါတ်မှန်ရိုက်စက်နှင့် 25 KVA မီးစက် တို့အား ပြီးစီးအောင် ဆက်လက်တပ်ဆင်သွားရမည်ဖြစ်ပါသည်။
- တောင်ပြိုဆေးရုံ၌ သားဖွားခန်းတစ်ခု ထားရှိနိုင်ရေး လိုအပ်သည့် ပြင်ဆင်မွမ်းမံခြင်းနှင့် ဆေး/ဆေးပစ္စည်းနှင့် ပစ္စည်းကိရိယာများထောက်ပံ့ပေးသွားရမည် ဖြစ်ပါသည်။
- အုတ်တံတိုင်းခြံစည်းရိုး ကာရံပေးသွားရမည်ဖြစ်ပါသည်။
- တိုက်နယ်ဆေးရုံနှင့် တိုက်နယ်ကျန်းမာရေးဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာ အလုံအလောက် ဆောက်လုပ်ပေးသွားရမည်ဖြစ်ပါသည်။ ပြန်လည်လက်ခံခြင်းလုပ်ငန်းအပေါ် အလှည့်ကျတာဝန် လာရောက်ထမ်းဆောင်မည့် ဝန်ထမ်းများအတွက်လည်း နေထိုင်နိုင်ရေးထည့်သွင်းစဉ်းစား တည်ဆောက်ပေးသွားရမည် ဖြစ်ပါသည်။
- လစ်လပ် ဝန်ထမ်းနေရာများအား ဦးစားပေး ခန့်အပ်ပေးသွားရမည် ဖြစ်ပြီး၊ ပြန်လည်လက်ခံခြင်းလုပ်ငန်းစတင်ပါက အခြားမြို့နယ်များမှ အလှည့်ကျ ဝန်ထမ်းများ တာဝန်ပေးချထား ပေးသွားရမည် ဖြစ်ပါသည်။

### (ခ) ငါးခူရ ပြန်လည်လက်ခံရေးစခန်း

- ငါးခူရနှင့် မိနစ် (၂၀) ခန့်လမ်းလျှောက်ခရီးသာကွာဝေးပြီး၊ ရခိုင်တိုင်းရင်းသားများ နေထိုင်လျက်ရှိသော ခြံပြင်ကျေးရွာရှိ ခြံပြင်ကျေးလက်ကျန်းမာရေးဌာနခွဲအား အခြေပြု၍ ငါးခူရသို့ ပြန်လည်ဝင်ရောက်လာမည့် လူထုအပေါ် ကျန်းမာရေးစောင့်ရှောက်မှု ပေးသွားရမည်ဖြစ်ပါသည်။
- ခြံပြင်ကျေးလက်ကျန်းမာရေးဌာနခွဲ၌ သားဖွားခန်းတစ်ခုထားရှိနိုင်ရေး လိုအပ်သည့် ပြင်ဆင်မွမ်းမံခြင်းနှင့် ဆေး/ဆေးပစ္စည်းနှင့် ပစ္စည်းကိရိယာများ ထောက်ပံ့ပေးသွားရမည်ဖြစ်ပါသည်။
- ခြံပြင်ကျေးလက်ကျန်းမာရေးဌာနခွဲ၌ ဝန်ထမ်းအိမ်ရာအလုံအလောက် ဆောက်လုပ်ပေးသွားရမည်ဖြစ်ပါ သည်။
- ပြန်လည်လက်ခံခြင်းလုပ်ငန်းအပေါ် အလှည့်ကျတာဝန် လာရောက်ထမ်းဆောင်မည့် ဝန်ထမ်းများအတွက်လည်း နေထိုင်နိုင်ရေး ထည့်သွင်းစဉ်းစား တည်ဆောက် ပေးသွားရမည်ဖြစ်ပါသည်။

- အုတ်တံတိုင်းခြံစည်းရိုး ကာရံပေးသွားရမည်ဖြစ်ပါသည်။
- လစ်လပ်ဝန်ထမ်းနေရာများ ဦးစားပေးခန့်အပ်ပေးသွားရမည်ဖြစ်ပြီး၊ ပြန်လည်လက်ခံခြင်းလုပ်ငန်း စတင်ပါက အခြားမြို့နယ်များမှ အလှည့်ကျဝန်ထမ်းများ တာဝန်ပေးချထား ပေးသွားရမည်ဖြစ်ပါသည်။

## (ဂ) လှဖိုးခေါင်ကြားစခန်း

- လှဖိုးခေါင်ကြားစခန်း၌ သားဖွားခန်းပါဝင်သော ကျန်းမာရေးဆေးပေးခန်းအသစ်တစ်ခု ဆောက်လုပ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာအုပ်ချုပ်ရေးဌာနများနှင့် ညှိနှိုင်းစီစဉ်ပေးပြီး အခြားလိုအပ်သည်များအား ဖြည့်ဆည်းပေးသွားရမည်ဖြစ်ပါသည်။
- အဆိုပါဆေးခန်း ဆောက်လုပ်မပြီးခင် ကာလများတွင် လှဖိုးခေါင်ကြားစခန်းအတွင်းရှိ စာသင်ကျောင်းတွင် ယာယီဆေးခန်းဖွင့်လှစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။
- ယခုလက်ရှိ တည်ဆောက်ထားရှိပြီးဖြစ်သော မင်္ဂလာကြီး ကျေးလက်ကျန်းမာရေးဌာနခွဲအား အခြေပြုကာ လှဖိုးခေါင် ကြားစခန်း၌ ပြန်လည် နေရာချထားမည့် လူထုအား ကျန်းမာရေးစောင့်ရှောက်မှု ပေးသွားရမည်ဖြစ်ပါသည်။
- သို့ရာတွင် မင်္ဂလာကြီး SC အတွက် လိုအပ်သော ဖြည့်ဆည်းမှုများ ထောက်ပံ့ပေးသွားရမည်ဖြစ်ပါသည်။
- မင်္ဂလာကြီး SC ၌ ပုံမှန်ကိုယ်ဝန်ဆောင်မီးဖွားနိုင်ရန် သားဖွားခန်းတစ်ခုထားရှိနိုင်ရေး စီစဉ်ပံ့ပိုးခြင်း၊ ဝန်ထမ်းအိမ်ရာ အလုံအလောက်ဆောက်လုပ်ပေးခြင်း၊ အုတ်တံတိုင်းခြံစည်းရိုးကာရံပေးခြင်း၊ ကာကွယ်ဆေးထားသိုနိုင်ရန် အအေးလမ်းကြောင်းစနစ် စီစဉ်ပေးခြင်း၊ အရေးပေါ်လူနာ ရှေးဦးပြုစုရန် လိုအပ်သည်များဖြည့်ဆည်း ပေးခြင်းများ ဆောင်ရွက်ပေး ရမည်ဖြစ်ပါသည်။
- လှဖိုးခေါင်၌ အတွင်းလူနာ ထားရှိကုသခြင်းထက် မိနစ် (၃၀) ခန့်သာ သွားလာရသော မောင်တောဆေးရုံသို့ အရေးပေါ်လူနာလွှဲပြောင်းကာ မောင်တောဆေးရုံ၌ အတွင်းလူနာအဖြစ် တက်ရောက်ကုသနိုင်စေရေး စီစဉ်ဆောင်ရွက်ပေးသွားရမည် ဖြစ်ပါသည်။
- ပဏာမကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ (ပြင်ပလူနာ ဆေးကုသပေးခြင်း၊ ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေးခြင်း၊ အာဟာရစောင့်ရှောက်မှုပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်း စသည်) လုပ်ငန်းများအား လှဖိုးခေါင် ကြားစခန်း၌ အသစ်ဆောက်လုပ်မည့် ကျန်းမာရေး ဆေးပေးခန်း၌ အခြေပြုကာ ဆောင်ရွက်ပေးသွားရမည်ဖြစ်ပါသည်။

## (ဃ) မောင်တောဆေးရုံ

- လစ်လပ် ဝန်ထမ်းနေရာများ ဦးစားပေးခန့်အပ်ချထားပေးသွားမည်ဖြစ်ပြီး၊ ပြန်လည်လက်ခံခြင်း လုပ်ငန်းစတင်ပါက အခြားမြို့နယ် များမှ အလှည့်ကျ ဝန်ထမ်းများ တာဝန်ပေးချထား ပေးသွားရမည် ဖြစ်ပါသည်။
- အခြားမြို့နယ်များမှ အလှည့်ကျ ဝန်ထမ်းများနှင့် အထက်အဆင့်မှ ကွင်းဆင်းကြီးကြပ်မည့် ပုဂ္ဂိုလ်များလာရောက်ပါက နေထိုင်နိုင်ရန် အတွက် မောင်တောဆေးရုံဝင်းအတွင်း လူ (၂၀) ခန့် နေထိုင်နိုင်သော အိမ်ရာ အဆောက်အဦ တစ်ခု ဆောက်လုပ်ပေးသွားရမည် ဖြစ်ပါသည်။

## (င) အထွေထွေ

- ရွှေ့လျားဆေးအဖွဲ့များအပါအဝင် အခြားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရာ၌ လုံခြုံရေးအကူအညီရရှိနိုင်ရန် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက် ပေးသွားရမည်ဖြစ်ပါသည်။
- ကျန်းမာရေးအဆောက်အဦများ၊ ဝန်ထမ်းအိမ်ရာများအား အုတ်တံတိုင်းခြံစည်းရိုး ကာရံပေးသွားရမည်ဖြစ်ပါသည်။
- ပြန်လည်လက်ခံခြင်းလုပ်ငန်းဆောင်ရွက်ရာ၌ ကာကွယ်ဆေးထိုးနှံခြင်း၊ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုပေးခြင်းနှင့် အာဟာရစောင့်ရှောက်မှုပေးခြင်း စသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်အတွက် လိုအပ်သော လူဦးရေဆိုင်ရာ အချက်အလက်များ (ကျား/ မ၊ အသက် အပိုင်းအခြား၊ ကိုယ်ဝန်ဆောင်ဦးရေ စသည်) ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ကြိုတင်ညှိနှိုင်းစီစဉ်ဆောင်ရွက် ပေးသွားရမည်ဖြစ်ပါသည်။

| ၆။ | ပြန်လည်လက်ခံခြင်းနှင့် ပြန်လည်နေရာချထားခြင်းများ၌ ကျန်းမာရေး စောင့်ရှောက်မှု ပေးမည့် အစီအစဉ်များ |
|---|---|

**(က) တောင်ပြိုလက်ဝဲနှင့် ငါးခူရ ပြန်လည်လက်ခံရေး စခန်းရှိ နယ်စပ် ဝင်ထွက်ပေါက် ဆေးခန်း (POE Health Post) အဖွဲ့ဝင်များမှ ဆောင်ရွက်သွားမည့် လုပ်ငန်းများ**

နယ်စပ် ဝင်ထွက်ပေါက် ဆေးခန်း (POE Health Post) တွင် အောက်ဖော်ပြပါ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးသွားရမည်ဖြစ်ပါသည်။

- ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း
- သာမန်နေမကောင်းသူများအား ဆေးကုသမှုပေးခြင်း
- ဆေးရုံသို့ လွှဲပြောင်းရန်လိုအပ်သည့် လူနာများအား အရေးပေါ် ဆေးကုသပေး၍ လွှဲပြောင်း ပေးခြင်း၊

**(ခ) ပြည်သူ့ကျန်းမာရေးအဖွဲ့ (Public Health Post) အဖွဲ့ဝင်များမှ လှဖိုးခေါင်ကြားစခန်းတွင် ဆောင်ရွက်သွားမည့်လုပ်ငန်းများ**

လှဖိုးခေါင်ကြားစခန်း၌ ပြည်သူ့ကျန်းမာရေးအဖွဲ့ (Public Health Post) အဖွဲ့ဝင်များမှ အောက်ဖော်ပြပါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

- ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့် တီဘီရောဂါ စသည့် ကူးစက်ရောဂါ ခံစားနေရသူများ အတွက် ရေရှည် ဆေးသောက်သုံးနေရသူများအား ဖော်ထုတ်မေးမြန်း၍ ဆေးဝါးပြတ်လပ်မှုမရှိစေဘဲ၊ ဆေးကုသမှု ဆက်လက်ခံယူနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခြင်း၊
- နာတာရှည်ရောဂါ (နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ စသည်) များ ခံစားနေရသူများ အားလည်း ဆေးဝါးပြတ်လပ်မှုမရှိစေဘဲ၊ ဆေးကုသမှု ဆက်လက်ခံယူနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခြင်း၊
- ကူးစက်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊
- ရေကောင်းရေသန့်ရရှိရေး၊ ယင်လုံအိမ်သာ သုံးစွဲရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း
- ခြင်နှင့် ခြင်လောက်လန်း ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း
- ကျန်းမာရေးအသိပညာပေးခြင်း၊
- သံချဆေးတိုက်ကျွေးခြင်း
- အာဟာရစောင့်ရှောက်မှုပေးခြင်း

- သာမန်နေမကောင်းသူများအား ဆေးကုသမှုပေးခြင်း
- ဆေးရုံသို့ လွှဲပြောင်းရန်လိုအပ်သည့် လူနာများအား အရေးပေါ် ဆေးကုသပေး၍ လွှဲပြောင်း ပေးခြင်း၊
- ကိုယ်ဝန်ဆောင်နှင့် ကလေးကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊
- ကလေးငယ်များအား ပိုလီယို၊ ဝက်သက်၊ ဆုံဆို့၊ မေးခိုင် ကာကွယ်ဆေးများ ထိုးနှံ တိုက်ကျွေးပေးခြင်း

ပြန်လည်လက်ခံရေးစခန်းများ၊ ကြားစခန်းများနှင့် ပြန်လည်နေရာချထားမည့်ဒေသများ၌ ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရေးအတွက် စံလုပ်ထုံးလုပ်နည်းများ (Standard Operating Procedures - SOPs) သီးခြားပြုစုရေးဆွဲကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ဆောင်ရွက်ပေးသွားရမည် ဖြစ်ပါသည်။

ထိုသို့ ပြန်လည်လက်ခံရေးစခန်းများ၊ ကြားစခန်းများနှင့် ပြန်လည်နေရာချထားမည့် ဒေသများ၌ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းလုပ်ငန်းများအား အောက်ဖော်ပြပါပုံအတိုင်း အဆင့်ဆင့်စနစ်တကျ ဆောင်ရွက် သွားရမည် ဖြစ်ပါသည်။


ဘင်္ဂလားဒေ့ရှ်
မြန်မာ
တစ်ကြိမ်လျှင် (၁၅၀) ဦးခန့်
ကုန်းလမ်း
တစ်ပတ်လျှင် ငါးကြိမ်
တစ်ကြိမ်လျှင် (၁၅၀) ဦးခန့်
ရေလမ်း
ဘင်္ဂလားဒေ့ရှ်
မြန်မာ
တောင်ပြိုလက်ဝဲ ဆေးပေးခန်း (POE Health Post)
တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်း
ငါးခူရ ပြန်လည်လက်ခံရေးစခန်း
ငါးခူရ ဆေးပေးခန်း (POE Health Post)
တောင်ပြို လက်ဝဲ တိုက်နယ် ဆေးရုံ (အရေးပေါ် သားဖွားခန်း)
• ကူးစက် ရောဂါ စောင့်ကြပ် ကြည့်ရှုခြင်း
• သာမာန်နေမကောင်းသူ ဆေးကုသပေးခြင်း
• အရေးပေါ်လူနာ ရှေးဦးပြုစုခြင်းနှင့် ဆေးရုံသို့ လွှဲပြောင်းပေးခြင်း
လူဝင်မှုဆိုင်ရာနှင့် အုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းများ
• ကူးစက် ရောဂါ စောင့်ကြပ် ကြည့်ရှုခြင်း
• သာမာန်နေမကောင်းသူ ဆေးကုသပေးခြင်း
• အရေးပေါ်လူနာ ရှေးဦးပြုစုခြင်းနှင့် ဆေးရုံသို့ လွှဲပြောင်းပေးခြင်း
ငါးခူရ RHC (အရေးပေါ် သားဖွားခန်း)
• ရေ၊ အစားအစာ၊ အိမ်သာနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး
• ခြင်နှင့် ခြင်လောက်လန်း နှိမ်နင်းရေး
တောင်ပြိုလက်ဝဲ ယာယီစခန်း (တစ်ညအိပ်)
ငါးခူရ ယာယီစခန်း (တစ်ညအိပ်)
• ရေ၊ အစားအစာ၊ အိမ်သာနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး
• ခြင်နှင့် ခြင်လောက်လန်း နှိမ်နင်းရေး
ခြိပြင် SC
အရေးပေါ်လူနာ
အရေးပေါ်လူနာ
မင်္ဂလာကြီး SC (အရေးပေါ် သားဖွားခန်း)
လှဖိုးခေါင် ဆေးပေးခန်း (Public Health Post)
ဆေးကုသရေးနှင့် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ
လှဖိုးခေါင် ကြားစခန်း
ဆေးကုသရေးနှင့် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ
ရွေ့လျားဆေးအဖွဲ့များ
အရေးပေါ်လူနာ
မောင်တောဆေးရုံ

## ၇။ ကျန်းမာရေးစောင့်ရှောက်မှု ဆေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း

ပြန်လည်လက်ခံရေးစခန်းများ (တောင်ပြိုလက်ဝဲနှင့် ငါးခူရ) နှင့် ယာယီပြန်လည် နေရာချ ထားမည့် လှဖိုးခေါင်ကြားစခန်းတို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သော ဆေးအဖွဲ့များအား ပူးတွဲပအတိုင်း ဖွဲ့စည်းဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

ဆေးအဖွဲ့များအတွက် လိုအပ်သော ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများအား အခြားသော ပြည်နယ်/ တိုင်းဒေသကြီးများမှ အလှည့်ကျခေါ်ယူကာ အင်အားဖြည့်ဆည်းပံ့ပိုးပေးသွားမည်ဖြစ်ပြီး၊ ရခိုင်ပြည်နယ် အတွင်းနှင့် မောင်တောမြို့နယ်အတွင်းမှ ဒေသခံအခြေခံကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပူးတွဲလျက် တာဝန်ထမ်းဆောင်နိုင်စေရေး စီစဉ်ဆောင်ရွက်ပေးသွားရမည် ဖြစ်ပါသည်။

## ၈။ သင်တန်းပေးခြင်း

ပြန်လည်လက်ခံရေးစခန်းများ (တောင်ပြိုလက်ဝဲနှင့် ငါးခူရ) နှင့် ယာယီပြန်လည် နေရာချ ထားမည့် လှဖိုးခေါင်ကြားစခန်းတို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဆေးအဖွဲ့များအား မစေလွှတ်မီ မောင်တောမြို့နယ်၌ သင်တန်းတိုတစ်ခုပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားရမည် ဖြစ်ပါသည်။

## ၉။ ဆေးနှင့်ဆေးပစ္စည်း ထောက်ပံ့ခြင်း

ပြန်လည်လက်ခံရေးစခန်းများ (တောင်ပြိုလက်ဝဲနှင့် ငါးခူရ) နှင့် ယာယီပြန်လည်နေရာချထားမည့် လှဖိုးခေါင်ကြားစခန်းတို့၌ ကျန်းမာရေးစောင့်ရှောက်မှုပေးရန်အတွက် လိုအပ်သည့် ဆေးဝါးများပါဝင်သည့် ဆေးသေတ္တာများအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ထောက်ပံ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက် သွားရမည် ဖြစ်ပါသည်။

ထို့အပြင် ဆေးသေတ္တာများ ထောက်ပံ့ပေးနိုင်ရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အပါအဝင် အခြားသော အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်ပေးသွားရမည် ဖြစ်ပါသည်။

## ၁၀။ လုပ်ငန်းဆောင်ရွက်မှုတင်ပြအစီရင်ခံခြင်း

ဆေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုများအား ပူးတွဲပါပုံစံဖြင့် စာရင်းရေးသွင်း၍ မောင်တောမြို့နယ် ဆရာဝန်ကြီးထံ အပတ်စဉ်တင်ပြပေးကာ ပြည်နယ်အဆင့်မှတစ်ဆင့် ဗဟိုအဆင့်သို့ အဆင့်ဆင့်တင်ပြ ပေးသွားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားရမည် ဖြစ်ပါသည်။

ထူးခြားဖြစ်စဉ်များ၊ ကူးစက်ရောဂါကပ်အသွင်ဖြစ်ပွားမှုများအား အချိန်နှင့်တပြေးညီ အဆင့်ဆင့်တင်ပြနိုင်ရေး အတွက်လည်း စီစဉ်ညွှန်ကြားဆောင်ရွက်ပေးသွားရမည် ဖြစ်ပါသည်။

## ၁၁။ ကွင်းဆင်းပံ့ပိုးကြီးကြပ်ခြင်း

ပြန်လည်လက်ခံရေးစခန်းများ (တောင်ပြိုလက်ဝဲနှင့် ငါးခူရ) နှင့် ယာယီပြန်လည် နေရာချ ထားမည့် လှဖိုးခေါင်ကြားစခန်းတို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ချက်များအား မြို့နယ်အဆင့်မှ (၂) ပတ် (၁) ကြိမ်၊ ပြည်နယ်အဆင့်မှ လစဉ်နှင့် ဗဟိုအဆင့်မှ (၂) လ (၁) ကြိမ် ကွင်းဆင်းကာ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးသွားရမည် ဖြစ်ပါသည်။

## ၁၂။ လုပ်ငန်းဆောင်ရွက်မှုအား အမြဲမပြတ်စောင့်ကြည့်ခြင်း

ဤစီမံချက်ပါ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုများအား ပူးတွဲပါအတိုင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဖွဲ့စည်းထားရှိသော **"ရခိုင်ပြည်နယ်ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အဖွဲ့"** မှ အမြဲမပြတ်စောင့်ကြည့်သွားရမည် ဖြစ်ပါသည်။

## ၁၃။ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း

ပြန်လည်လက်ခံရေးစခန်းများနှင့် ယာယီပြန်လည်နေရာချထားမည့်နေရာတို့၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်စေရေးအတွက် နီးနွယ်ဌာနဆိုင်ရာများ၊ နီးနွယ်အဖွဲ့အစည်းများ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဒေသခံလူထုများ စသည်တို့နှင့် လိုအပ်ချက်များအပေါ် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

ကျန်းမာရေးပြဿနာများ ပေါ်ပေါက်လာခဲ့ပါက ပြောရေးဆိုခွင့်ရှိသူ (Spokeperson) အဖြစ် ရခိုင်ပြည်နယ် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုး တိုးတက်မှု အဖွဲ့၏ ဥက္ကဋ္ဌဖြစ်သည့် ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးဦးစီးဌာန) မှ ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ချက်များအား ပြည်သူများ နားလည်သိရှိစေရန်နှင့် နိုင်ငံတကာမှ သိရှိနိုင်စေရေးတို့အတွက် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပုဂ္ဂလိက သတင်းမီဒီယာများ နှင့် ဆက်သွယ်ပူးပေါင်း ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

ထို့အပြင် လုပ်ငန်းဆောင်ရွက်မှုများအား နိုင်ငံပိုင်နှင့် ပုဂ္ဂလိကသတင်းစာများ၊ ရုပ်မြင်သံကြားသတင်း များ၊ မေယု FM အပါအဝင် အခြား ရေဒီယိုလိုင်းများ၊ အင်တာနက်စာမျက်နှာများ၊ လူမှုကွန်ယက်စာမျက်နှာ များ၌ ပုံမှန် သတင်းလွှင့်တင်နိုင်ရေး စီစဉ် ဆောင်ရွက်သွားရမည် ဖြစ်ပါ သည်။

## ၁၄။ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ဘဏ္ဍာငွေ စီမံခန့်ခွဲခြင်း

ဤစီမံချက်ပါ လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန်အတွက် လိုအပ်သည့်ရန်ပုံငွေ ရရှိ ထောက်ပံ့ပေးနိုင်ရေးအတွက်လည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် စီစဉ်ဆောင်ရွက်ပေးသွား ရမည် ဖြစ်ပါသည်။

ဒေသခံဝန်ထမ်းများ၊ အခြားဒေသမှ လာရောက်တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများ၊ ကွင်းဆင်း ကြီးကြပ်အဖွဲ့ဝင်များအတွက် လိုအပ်မည့် နေ့တွက်စားရိတ် (Per Diem)၊ ခက်ခဲဒေသ ခွင့်ပြုစားရိတ် (Hard-to-reach Allowance)၊ ခရီးစရိတ် (Travel Allowance) စသည်များ ထောက်ပံ့ပေးသွားရမည် ဖြစ်ပါသည်။

လုပ်ငန်းဆောင်ရွက်ရန် လိုအပ်သော ဆေးနှင့် ဆေးပစ္စည်းများ ဝယ်ယူဖြန့်ဖြူးခြင်း၊ မော်တော်ကား ငှားရမ်းခများနှင့် အခြားကုန်ကျစားရိတ်များအားလည်း ထောက်ပံ့ပေးသွားရမည် ဖြစ်ပါသည်။

ထိုသို့ဆောင်ရွက်နိုင်စေရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) အပါအဝင် အခြားမိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

## ၁၅။ နိဂုံး

ဤစီမံချက်ပါ လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်သွားခြင်းဖြင့် ရခိုင်ပြည်နယ် အတွင်းသို့ ပြန်လည်ဝင်ရောက်လာသော လူထုအပေါ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး၊ ရခိုင်ပြည်နယ် လူထု၏ ကျန်းမာရေးအဆင့်အတန်းနှင့် လူမှုစီပွားအခြေအနေများ မြင့်မားလာကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးများအတွက် အထောက်အပံ့ပြုပေးနိုင် ရမည် ဖြစ်ပါသည်။

# ရခိုင်ပြည်နယ်ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအဖွဲ့

| | | |
|---|---|---|
| (က) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယညွှန်ကြားရေးမှူးချုပ်(သဘာဝဘေး)<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယညွှန်ကြားရေးမှူးချုပ်(ပြည်သူ့ကျန်းမာ)<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယညွှန်ကြားရေးမှူးချုပ်(ရောဂါနှိမ်နင်းရေး)<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယအမြဲတမ်းအတွင်းဝန်(ကျန်းမာရေး)<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး<br>ရခိုင်ပြည်နယ် | အဖွဲ့ဝင် |
| (ဇ) | ပြည်နယ်ကုသရေးဦးစီးဌာနမှူး<br>ရခိုင်ပြည်နယ် | အဖွဲ့ဝင် |
| (ဈ) | ဆေးရုံအုပ်ကြီး<br>စစ်တွေမြို့၊ ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီး<br>ရခိုင်ပြည်နယ် | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူး(သဘာဝဘေး)<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အတွင်းရေးမှူး |
| (ဋ) | ဒုတိယညွှန်ကြားရေးမှူး(သဘာဝဘေး)<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

# ပြန်လည်လက်ခံရေးစခန်းများ (တောင်ပြိုလက်ဝဲ၊ ငါးခူရ)နှင့် လှဖိုးခေါင်ကြားစခန်းများ၌ ဖွဲ့စည်းထားရှိသည့် ဆေးအဖွဲ့များ

| မောင်တောမြို့နယ်၊ တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်းတွင် လက်ရှိတာဝန်ယူဆောင်ရွက်မည့် ဆေးအဖွဲ့စာရင်း | | | |
|---|---|---|---|
| စဉ် | အမည် | ရာထူး | ဌာန |
| ၁ | Dr ရန်လင်းကျော် | လ/ထဆရာဝန် | အလယ်သံကျော် တိုက်နယ်ဆေးရုံ |
| ၂ | ဦးသန်းဝင်း | အထက်တန်းသူနာပြု | တောင်ပြိုလက်ဝဲ တိုက်နယ်ဆေးရုံ |
| ၃ | ဒေါ်သန္တာခိုင် | သူနာပြု | တောင်ပြိုလက်ဝဲ တိုက်နယ်ဆေးရုံ |
| ၄ | ဒေါ်ငွေငွေ | အမျိုးသမီးကျန်းမာရေး ဆရာမ | တောင်ပြိုလက်ဝဲ ကျန်းမာရေးဌာန |
| ၅ | ဒေါ်အေးအေးပြုံး | သားဖွားဆရာမ | ကြိမ်ချောင်းတိုက်နယ် ကျန်းမာရေးဌာန |
| ၆ | ဒေါ်မိမိလှိုင် | သားဖွားဆရာမ | ဒုံးပိုက်ကျေးလက်ကျန်းမာရေးဌာနခွဲ |
| ၇ | ဒေါ်စန်းစန်းမြင့်အောင် | သားဖွားဆရာမ | တောင်ပြိုယာကျေးလက်ကျန်းမာရေး ဌာနခွဲ |
| ၈ | ဒေါ်မိုးမိုးမြင့် | သားဖွားဆရာမ | တောင်ပြိုလက်ဝဲ ကျန်းမာရေးဌာန |
| ၉ | ဦးအောင်သူ | ပြည်သူ့ကျန်းမာရေးကြီးကြပ်-၂ | တောင်ပြိုလက်ဝဲ ကျန်းမာရေးဌာန |
| ၁၀ | ဦးမောင်ဝင်းနိုင် | မြို့နယ်တပ်ဖွဲ့မှူး | မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၊ မောင်တော |
| ၁၁ | ဦးချစ်ထူးခိုင် | ဒုမြို့နယ်တပ်ဖွဲ့မှူး | မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၊ မောင်တော |

| မောင်တောမြို့နယ်၊ ငါးခူရ ပြန်လည်လက်ခံရေးစခန်းတွင် လက်ရှိတာဝန်ယူဆောင်ရွက်မည့် ဆေးအဖွဲ့စာရင်း | | | |
|---|---|---|---|
| စဉ် | အမည် | ရာထူး | ဌာန |
| ၁ | ဒေါက်တာအောင်စိုးသူ | လ/ထဆရာဝန် | မြို့နယ်ကုသရေးဦးစီးဌာန၊ မောင်တော |
| ၂ | ဒေါ်ရီရီဝင်း | အထက်တန်းသူနာပြု | ကြိမ်ချောင်းတိုက်နယ်ဆေးရုံ |
| ၃ | ဒေါ်ဝေဝေမော် | သူနာပြု | တောင်ပြိုလက်ဝဲ တိုက်နယ်ဆေးရုံ |
| ၄ | ဒေါ်စံသာနု | ကျန်းမာရေးမှူး | ငါးခူရကျေးလက်ကျန်းမာရေးဌာန |
| ၅ | ဒေါ်စိုးနန္ဒာဟိန်း | သားဖွားဆရာမ | ခြိပြင် ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ငါးခူရ |
| ၆ | ဒေါ်တင်မာသန်း | သားဖွားဆရာမ | အထက်ပြုံးမကျေးလက်ကျန်းမာရေးဌာခွဲ၊ ငါးခူရ |
| ၇ | ဒေါ်မျိုးသီရိခိုင် | သားဖွားဆရာမ | ငါးခူရကျေးလက်ကျန်းမာရေးဌာန |
| ၈ | ဒေါ်မိုးမိုး | သားဖွားဆရာမ | ငါးခူရကျေးလက်ကျန်းမာရေးဌာန |
| ၉ | ဦးပြည့်စိုး | ပြည်သူ့ကျန်းမာရေးကြီးကြပ်-၂ | ငါးခူရကျေးလက်ကျန်းမာရေးဌာန |
| ၁၀ | ဦးဦးမောင် | တပ်ခွဲမှူး | မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၊ မောင်တော |
| ၁၁ | ဦးတေဇာလင်း | ဒုတပ်ခွဲမှူး | မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၊ မောင်တော |

| မောင်တောမြို့နယ်၊ လှဖိုးခေါင် ပြန်လည်လက်ခံရေးစခန်းတွင် လက်ရှိတာဝန်ချထားပေးသည့် ဆေးအဖွဲ့ဝင်များ | | | |
|---|---|---|---|
| **စဉ်** | **အမည်** | **ရာထူး** | **ဌာန** |
| ၁။ | Dr ကျော်မောင်မောင်သိန်း | မြို့နယ်ပြည်သူ့ ကျန်းမာရေး ဦးစီးဌာနမှူး | မောင်တောမြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန |
| ၂။ | ဦးခိုင်သိန်းဇံ | လက်ထောက်ကျန်းမာရေးမှူး | သရက်အုပ်ကျေးလက်ကျန်းမာရေးဌာန |
| ၃။ | ဒေါ်ခင်နီလာဝင်း | သားဖွားဆရာမ | မင်္ဂလာကြီးကျေးလက်ကျန်းမာ ရေးဌာနခွဲ |
| ၄။ | ဒေါ်ခင်ခင်မော် | သားဖွားဆရာမ | သရက်အုပ်မကျေးလက်ကျန်းမာရေး ဌာနခွဲ |
| ၅။ | ဒေါ်ဦးကျော့ခင် | သားဖွားဆရာမ | ရွှက်ညိုတောင်ကျေးလက်ကျန်းမာရေး ဌာနခွဲ |
| ၆။ | ဒေါ်ခငယ်ကျော် | သားဖွားဆရာမ | ဖားဝပ်ချောင်းကျေးလက်ကျန်းမာရေး ဌာနခွဲ |
| ၇။ | ဒေါ်လေးနွယ် | သားဖွားဆရာမ | အောင်မင်္ဂလာကျေးလက်ကျန်းမာရေး ဌာနခွဲ |
| ၈။ | ဦးသန်းဇော် | ပြည်သူ့ကျန်းမာရေး ကြီးကြပ်(၂) | မင်္ဂလာကြီးကျေးလက်ကျန်းမာရေးဌာနခွဲ |
| ၉။ | ဦးအောင်ငြိမ်းချမ်း | ပြည်သူ့ကျန်းမာရေးကြီး ကြပ်(၂) | သရက်အုပ်မပင်မကျေးလက်ကျန်းမာရေးဌာနခွဲ |
| ၁၀ | ဦးကျော်ဆန်း | ပြည်သူ့ကျန်းမာရေးကြီး ကြပ်(၂) | ဖားဝပ်ချောင်းကျေးလက်ကျန်းမာရေး ဌာနခွဲ |
| ၁၁။ | ဒေါ်မေမြတ်မိုး | ပြည်သူ့ကျန်းမာရေးကြီး ကြပ်(၂) | အောင်မင်္ဂလာကျေးလက်ကျန်းမာရေး ဌာနခွဲ |
| ၁၂။ | ဦးမင်းညို | ပြည်သူ့ကျန်းမာရေးကြီး ကြပ်(၂) | သရက်အုပ်မပင်မကျေးလက်ကျန်းမာရေးဌာနခွဲ |
| ၁၃။ | ဦးခိုင်ဇော် | ပြည်သူ့ကျန်းမာရေးကြီး ကြပ်(၂) | ငန်းချောင်းကျေးလက်ကျန်းမာရေးဌာနခွဲ |

# ဆေးကုသမှု အပတ်စဉ် သတင်းပေးပို့ ပုံစံ

------------------------------ POE Health Post -------------------- Township

Reporting Date: / / .

| Date | No. of General patients treated | No. of pregnant women (AN Care) | No. of referred patients | Total patients |
|---|---|---|---|---|
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| Total | | | | |

Signature --------------------------------

Name --------------------------------

Title --------------------------------